
မြန်မာနိုင်ငံရှိ ကျား၊ မရေးရာနှင့်
နိုင်ငံရေးပါဝင်မှုအပေါ် အကျဉ်းချုပ်မှတ်စု

# ပစ္စုပ္ပန်အခြေအနေ၊ မည်သည့်အတွက်ကြောင့် အရေးကြီးသနည်းနှင့် ပါဝင်မှုတွင် တန်းတူညီမျှမှု ပိုရှိစေရန် မည်သို့ဆောင်ရွက်မည်နည်း။



IDRC | CRDI
International Development Research Centre
Centre de recherches pour le développement international
Canada
EMReF
Enlightened Myanmar Research Foundation
McMaster University

မြန်မာနိုင်ငံရှိ ကျား၊ မရေးရာနှင့်
နိုင်ငံရေးပါဝင်မှုအပေါ် အကျဉ်းချုပ်မှတ်စု

# ပစ္စုပ္ပန်အခြေအနေ၊ မည်သည့်အတွက်ကြောင့် အရေးကြီးသနည်းနှင့် ပါဝင်မှုတွင် တန်းတူညီမျှမှုပိုရှိစေရန် မည်သို့ဆောင်ရွက်မည်နည်း။

## ပစ္စုပ္ပန်အခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်များအရ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ၁၀ ရာခိုင်နှုန်းဝန်းကျင်သည် အမျိုးသမီးများ ဖြစ်လာခဲ့သည်။ ၂၀၁၆ - ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏လွှတ်တော်များရှိ အမျိုးသမီးများ၏ အချိုးအစားသည် အတိတ်ကာလများနှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ကျော်မက ပိုမိုများပြားလာသည်ကို တွေ့ရသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် ၁၀ ယောက်တွင် ၉ ယောက်သည် အမျိုးသားများဖြစ်နေခြင်းက အလွန်မညီမျှသည့် အခြေအနေတစ်ရပ်ဖြစ်နေသည်။ လက်ရှိတွင် နိုင်ငံ၏ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းသည် အခြားသော အာဆီယံနိုင်ငံများထဲတွင် ဘရူနိုင်းတစ်နိုင်ငံတည်းထက်သာလွန်၍ ကမ္ဘာ့နိုင်ငံ ၁၉၁ နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့် ၁၆၇ တွင် ရပ်တည်လျက်ရှိသည်။ ၂၀၂၀ ရွေးကောက်ပွဲများအတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်းသည် ၂၀၁၅ ခုနှစ်ကထက် အနည်းငယ်သာမြင့်တက်လာပြီး နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင်လည်း လွှတ်တော်တွင်း အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် သိသိသာသာ တိုးတက်လာနိုင်ဖွယ်မရှိပါ။ တပ်မတော်ရှိ ထိပ်ပိုင်းခေါင်းဆောင်ရာထူးနေရာများတွင်လည်း အမျိုးသမီးများ လုံးဝကင်းမဲ့နေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိ ထိပ်ပိုင်းနေရာများတွင်လည်း အမျိုးသမီးများကို အလွန်တွေ့ရခဲပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးသည် ပြည်သူတို့၏ဘဝတွင် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ဤနေရာတွင် ခေါင်းဆောင်မှုသည် အမျိုးသားများကသာ ကြီးစိုးလေ့ရှိပါသည်။ မြန်မာနိုင်ငံရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအားလုံးတွင် အမျိုးသား ၉၉ ရာခိုင်နှုန်းကျော် ပါဝင်နေသည်။ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖအများစုမှာလည်း အမျိုးသားများသာဖြစ်သည်။ ခေါင်းဆောင်ရာထူးများအပေါ် လွှမ်းကဲသည့် အမျိုးသားကြီးစိုးရေး ယေဘုယျသဘောတရားမှ ကွဲထွက်သော ခြွင်းချက်နှစ်ခုမှာ- (၁) အမျိုးသမီးခေါင်းဆောင် အတော်များများကို မကြာခဏတွေ့ရတတ်သည့် လူထုအခြေပြုအဖွဲ့အစည်းများ၊ (၂)အမျိုးသမီးနှင့်အမျိုးသားကိုယ်စားပြုမှုအချိုးကို ၅၀ : ၅၀ ဝေပုံကျ သတ်မှတ်ပြဋ္ဌာန်းထားသည့် တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့်လူထုဗဟိုပြုစီမံကိန်းအတွက် ဖွဲ့စည်းထားသော ဒေသန္တရကော်မတီများ စသည်တို့ဖြစ်သည်။ ရပ်ကွက်/ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့် လူထုအစည်းအဝေးများတွင် အမျိုးသမီးအများအပြား တက်ရောက်ကြသော်လည်း ဆွေးနွေးမှုများတွင် တက်ကြွစွာပါဝင်မှုမှာ အမျိုးသားများထက် လျော့နည်းဖွယ်ရှိပါသည်။ ခြုံငုံကြည့်လျှင် ရပ်ရွာအဆင့် ဆုံးဖြတ်ချက်ချမှတ်သောကိစ္စရပ်များတွင် တက်တက်ကြွကြွပါဝင်နိုင်သော အမျိုးသမီးတစ်ချို့ရှိသော်လည်း၊ အများစုကမူ အခြေနိမ့်စွာ ပါဝင်နေကြရပြီး (ဥပမာ- အစည်းအဝေးတက်ရုံမျှသာ)၊ အခြေမြင့်မြင့် ပါဝင်နိုင်မှု (ဥပမာ- ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဝင်ရောက်ပြောဆိုနိုင်ခြင်းနှင့် စွမ်းအားမြှင့်တင်ပေးခြင်း) မျိုးမရှိကြောင်း တွေ့ရပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ တစ်မူထူးခြားသည့် ပုဂ္ဂိုလ်ရေးသမိုင်းကြောင်းက သူမအား ၁၉၈၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလတွင် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှု၏ ပြယုဂ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ကာလရှည်ကြာဦးဆောင်သူ၊ လက်ရှိတွင် ရွေးကောက်ခံမြန်မာနိုင်ငံအစိုးရ၏ သြဇာအာဏာကြီးမားသည့် ခေါင်းဆောင်ဖြစ်လာရန် လမ်းဖွင့်ပေးခဲ့ပါသည်။ မြန်မာပြည်သူအများစုအကြား ပြိုင်ဘက်ကင်းသော ထင်ရှားကျော်ကြားမှုနှင့် ကြည်ညိုမြတ်နိုးမှုတို့ကို အစဉ်တစိုက် သူမ ရရှိခံစားခဲ့သည်။ သို့သော် သူမ၏ကျော်ကြားမှုနှင့် နိုင်ငံ့ခေါင်းဆောင်ဟူသည့် ရာထူးသည် မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ ပါဝင်ခွင့်ရရှိနေပြီဟု ဆိုလိုခြင်းတော့မဟုတ်ပေ။ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ၏သမီးများ သို့မဟုတ် ဇနီးမယားများဖြစ်ကြသော မုဆိုးမများသည် နိုင်ငံခေါင်းဆောင်များ ဖြစ်လာကြသည်မှာ အခြားနေရာများနှင့်နှိုင်းယှဉ်လျှင် အာရှတွင် ပို၍ဖြစ်လေ့ရှိသော ဖြစ်ရပ်တစ်ခုဖြစ်သော်လည်း ဤသည်ကိုပင် နိုင်ငံရေးနှင့်လူ့အဖွဲ့အစည်းတွင် ကျား၊ မ မညီမျှမှုသည် ပြဿနာတစ်ရပ်မဟုတ်ဟု ဆိုလိုခြင်းမဟုတ်ပေ။

အမျိုးသမီးများ၏ နိုင်ငံရေးတွင်ပါဝင်မှု အဆင့်နိမ့်ကျနေခြင်းကို ရှင်းလင်းဖော်ပြသည့် အရေးကြီးဆုံးအချက်တချို့တွင် ပါဝင်သည်များမှာ-

- အမျိုးသမီးများ လုပ်ဆောင်သည့် လစာရသောအလုပ်နှင့် နိုင်ငံရေးလှုပ်ရှားမှုများကို ထည့်သွင်းမစဉ်းစားဘဲ အိမ်မှုကိစ္စနှင့် ကလေးထိန်းသည့်တာဝန်ဝတ္တရားများကို ဆက်လက်လုပ်ဆောင်ရန် မျှော်လင့်မှုများကြောင့် အမျိုးသားများနှင့်ယှဉ်လျှင် နိုင်ငံရေးခေါင်းဆောင်ဖြစ်လာရန် ပိုမိုကြီးမားသော အချိန်အကန့်အသတ်များရှိနေခြင်း။

- အမျိုးသမီးများ ခရီးသွားခြင်း၊ အထူးသဖြင့် ညအိပ်ညဉ့်နေခရီးသွားခြင်းကို တားမြစ်ကန့်သတ်ထားသော ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက်များ။

- နိုင်ငံရေးပါတီတစ်ခုတွင်ပါဝင်ခြင်း (သို့မဟုတ်) နိုင်ငံရေးသတင်း၊ ဆောင်းပါးများကို ပုံမှန်ဖတ်ရှုလေ့လာခြင်းကဲ့သို့သော ကိစ္စများတွင် အမျိုးသားများထက် အမျိုးသမီးများ၏ နိုင်ငံရေးနှင့် ရင်းနှီးထိစပ်နိုင်မှုအဆင့်နိမ့်ခြင်းနှင့် နိုင်ငံရေးတွင် စိတ်ပါဝင်စားကြောင်း သူတို့ကိုယ်သူတို့ဖော်ပြရန် လျော့နည်းဖွယ်ရှိခြင်း။

- အမျိုးသားများ၏ ခေါင်းဆောင်မှုကို ဦးစားပေးရန်ရည်ရွယ်လေ့ရှိသည့် မြန်မာ့နိုင်ငံရေးစနစ်၏ ထိုထိုသော အဖွဲ့အစည်းဆိုင်ရာ လက္ခဏာများ (ဥပမာ- မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ်တစ်ဦးတည်းသာ ရွေးချယ်သည့် ရွေးကောက်တင်မြှောက်ခြင်းစနစ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို တပ်မတော်မှခန့်အပ်သူများအတွက် ရယူထားခြင်း)

- များစွာသောနိုင်ငံရေးပါတီများက အမျိုးသမီးများ၏ နိုင်ငံရေးတွင်ပါဝင်မှုကို မြှင့်တင်ရန် အကန့်အသတ်ဖြင့်သာ ကြိုးပမ်းခြင်း။

## နိုင်ငံရေးပါဝင်မှုအခန်းကဏ္ဍများတွင် ကျား၊ မ တန်းတူညီမျှမှုမရှိခြင်းအကြောင်း

မြန်မာနိုင်ငံရှိ နိုင်ငံရေးပါဝင်မှုတွင် ကျား၊ မ တန်းတူညီမျှမှုအဆင့်

နိမ့်ကျခြင်းသည် အောက်ပါတို့အပါအဝင် အချို့သောအကြောင်းများကြောင့် ပြဿနာတစ်ရပ် ဖြစ်လာစေသည်။

- နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် ပါဝင်ခွင့်နည်းပါးခြင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လွတ်လပ်စွာ ရွေးချယ်ဆောင်ရွက်နိုင်စွမ်းနှင့် အကျိုးကျေးဇူးအပေါ်တွင် မကောင်းကျိုးများကို တိုက်ရိုက်သက်ရောက်စေနိုင်သည်။

- မူဝါဒချမှတ်ခြင်းနှင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းတို့တွင် အမျိုးသမီးများနှင့် အမျိုးသားများသည် ကွဲပြားခြားနားသည့် ဦးစားပေးမှုများရှိလေ့ရှိပြီး အမျိုးသမီးခေါင်းဆောင်များသည် အမျိုးသမီးဦးစားပေးမှုများနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်များထက် ပိုမို ထိတွေ့မှုရှိခြင်း။

- အုပ်ချုပ်ရေးအဖွဲ့များတွင် ကျား၊ မ တန်းတူညီမျှမှုရှိရန် ဆောင်ရွက်ခြင်းဖြင့် ထိုအုပ်ချုပ်ရေးအဖွဲ့များအတွင်း ကျွမ်းကျင်မှုနှင့် ထိရောက်မှုကို ပိုမိုဖြစ်ပေါ်စေပါသည်။

ဒေါ်အောင်ဆန်းစုကြည်က "တစ်မျိုးသားလုံး ဖွံ့ဖြိုးမှု မျှော်မှန်းချက်" ဟု ရည်ညွှန်းသည့် မြန်မာ့ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၈-၃၀ အပါအဝင် မြန်မာနိုင်ငံအစိုးရ၏မူဝါဒ အမြောက်အမြားက မြန်မာ့နိုင်ငံရေးပါဝင်မှုတွင် ကျား၊ မတန်းတူညီမျှရေး ပိုမိုရရှိအောင်ဆောင်ရွက်ခြင်း၏ အနှစ်သာရကို အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။

## မြန်မာ့နိုင်ငံရေးပါဝင်မှုတွင် အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ပိုမိုရရှိစေရန် မည်သို့ဆောင်ရွက် မည်နည်း။

### နိုင်ငံရေးပါတီများ

- ပါတီတွင်း အရေးကြီးသည့် ထိပ်ပိုင်းခေါင်းဆောင်ရာထူးနေရာများအားဖြည့်တင်းရန်နှင့်လွှတ်တော် ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးခံရန် မည်သို့လူရွေးချယ်သည်ကို ရှင်းလင်းသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန်။ ယင်းစည်းမျဉ်းစည်းကမ်းများကို ပါတီဝင်အားလုံးသို့ မခြွင်းမချန် အသိပေးရန်။

- လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း သတ်မှတ်ထည့်သွင်းရန်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ် အတွင်း ရည်မှန်းချက်ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းကြောင့် ၎င်းတို့၏ အမျိုးသမီးကိုယ်စားလှယ်လောင်းရာခိုင်နှုန်းသည် သိသိသာသာ တိုးမြင့်လာခဲ့သည်။ အခြားပါတီများသည်လည်း ကြားဖြတ်ရွေးကောက်ပွဲများနှင့် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများအတွက် ထိုနည်းလမ်းကို အတုယူနိုင်သည်။ ပါတီများသည် မိမိတို့၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီများ (CECs)၊ ဗဟိုကော်မတီများ (CCs) နှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ (TECs) တွင် အမျိုးသမီးကိုယ်စားပြုမှုအတွက် ရည်မှန်းချက်များကို စတင်သင့်ပါသည်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းနိုင်ရန်အတွက် အမျိုးသမီးများကို ငွေကြေးထောက်ပံ့မှုအနည်းငယ်ပေးရန်။ (အမျိုးသမီးကိုယ်စားလှယ်လောင်းအများအပြားထွက်လာရန် အမျိုးသမီးများကို ငွေကြေးထောက်ပံ့မှုအားဖြင့် ပံ့ပိုးပေးရန်။ )

- မဲဆွယ်စည်းရုံးရေးကာလအတွင်း အထူးသဖြင့် ဝေးလံခေါင်ဖျားနေရာများနှင့် ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ပါတီလက်ထောက်တစ်ဦး ပံ့ပိုးပေးခြင်းဖြင့် ၎င်းတို့၏ လုံခြုံရေးကိုတိုးမြှင့်ပေးရန်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် လူမှုကွန်ရက်များဖြင့် မဲဆွယ်နိုင်ရန် အကောင်းဆုံးအလေ့အကျင့်များကို ချမှတ်ပေးရန်၊ သင်တန်းများပေးရန်နှင့် ၎င်းတို့ကို အွန်လိုင်းမှလေ့လာနိုင်အောင် ဆောင်ရွက်ရန်။ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုနှင့် ဘာသာရေးလူနည်းစု ကိုယ်စားလှယ်လောင်းများထိုသင်တန်းများသို့ တက်ရောက်ခွင့်ရရှိအောင် သေချာစွာဆောင်ရွက်ရန်။

### မြန်မာနိုင်ငံအစိုးရ

- ၂၀၁၅ ခုနှစ်တွင် မဲပေးပိုင်ခွင့်ဆုံးရှုံးခဲ့ရသူများအတွက် မဲပေးခွင့်ကို ပြန်လည်ပေးအပ်ရန်။ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသော ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်လာရေး လွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန်။

- အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံးမဲပေးပိုင်ခွင့်နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးများအတွက် တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းကို စတင်ရန်။ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးရာထူးများ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပြည်သူအားလုံး မဲပေးပိုင်ခွင့်ကိုလည်း ထည့်သွင်းစဉ်းစားရန်။

- အမျိုးသားအဆင့်လူထုဗဟိုပြုစီမံကိန်းမှ ပြဋ္ဌာန်းထားသော အမျိုးသမီးကိုယ်စားပြုမှုအတွက် အနိမ့်ဆုံးအဆင့် ခွဲတမ်းများကို မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်များရှိ အခြားသောကော်မတီများအထိ တိုးချဲ့ရန်။

- အမျိုးသမီးရဲ့အရာရှိအရေအတွက်ကို မြှင့်တင်နိုင်ရန် ကြိုးပမ်းခြင်းအပါအဝင် လုံခြုံရေးဆိုင်ရာ အဓိကတာဝန်ရှိသော ရာထူးနေရာများတွင် အမျိုးသမီးများပါဝင်မှုကို အကြီးအကျယ်ဖယ်ကြဉ်ထားသည့် ယဉ်ကျေးမှုဆိုင်ရာသတ်မှတ်ချက်များကို ပြောင်းလဲရန် အတွက် ကြိုးပမ်းဆောင်ရွက်ရန်။
- ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအတွက် အဆင်ပြေချောမွေ့ပြီး အရည်အသွေးမြင့်သော ကလေးသူငယ်စောင့်ရှောက်ရေး အစီအစဉ်များ ထောက်ပံ့ပေးရန်။

- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင်

အရည်အသွေးကောင်းမွန်သော မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများကို တိုးချဲ့ရန်။

- ရွေးကောက်တင်မြှောက်ခံရသည့် မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများကို စတင်မိတ်ဆက်ပေးရန်နှင့် ယင်းအုပ်ချုပ်ရေးမှူးအဆင့် အတန်းနှင့် လျော်ကန်သည့် သိသာထင်ရှားသောဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အခွန်ဘဏ္ဍာကောက်ခံခြင်းဆိုင်ရာ အခွင့်အာဏာကို သတ်မှတ်ပေးရန်။

**ဒေသန္တရခေါင်းဆောင်များ**

- ဒေသခံပြည်သူများအား မည်သည့်အချိန်တွင် အစည်းအဝေးကျင်းပမည်၊ မည်သည့်အကြောင်းအရာများ ဆွေးနွေးမည်ကို ရှင်းလင်းစွာအသိပေးရန်။

- အစည်းအဝေးတက်ရောက်သူများသည် ပေးလိုက်သည့်သတင်းအချက်အလက်များအပေါ် တုံ့ပြန်ပြောဆို ဆွေးနွေးခွင့်ရရှိစေရေး သေချာစေရန်။ အမျိုးသမီးများအား အထူးသဖြင့် ငယ်ရွယ်သည့် အမျိုးသမီးများအား ပြောဆိုဆွေးနွေးလာစေရန် အားပေးခြင်းကို အထူးဂရုပြုအာရုံစိုက်ရန်။

- လူထုစည်းဝေးပွဲများမှ အကြံဉာဏ်များနှင့် တုံ့ပြန်ချက်များကို ဒေသန္တရခေါင်းဆောင်များ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စနစ်တကျ ထည့်သွင်းရန်။ ထိုသို့ပြုလုပ်ရန်အတွက် လက်တွေ့ကျသော နည်းလမ်းတစ်ခုမှာ လူထုအစည်းအဝေးများမှ အကြံဉာဏ်များနှင့် တုံ့ပြန်အဆိုပြုချက်များကို ထည့်သွင်းစဉ်းစားရန်အတွက် ခေါင်းဆောင်များ၏ အစည်းအဝေးများတွင် မပါမဖြစ် အစည်းအဝေးအစီအစဉ် (အာဂျင်တာ) တစ်ရပ်ကို ထည့်သွင်းရန်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာအလှူရှင်များ၊ မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ**

အောက်ပါတို့အတွက် ရန်ပုံငွေထောက်ပံ့ရန်-

- ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမည့် အမျိုးသမီးများအား ငွေကြေးအနည်းငယ်ထောက်ပံ့မည့် ပါတီငယ်များ။
- ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အွန်လိုင်းပေါ်မှ မဲဆွယ်စည်းရုံးရေးဖွံ့ဖြိုးတိုးတက်လာစေရန် လူမှုကွန်ရက်များကို မည်သို့အကျိုးရှိရှိအသုံးချရမည်ကိုသင်ကြားပေးသောသင်တန်းများ။

- ပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၊ ဘာသာရေးလူနည်းစုများနှင့် အမျိုးသမီးကိုယ်စားလှယ်များအတွက် မဲဆွယ်စည်းရုံးရေးကာလတွင် သတင်းအမှားများ၊ အွန်လိုင်းပေါ်ရှိ အမုန်းတရားများနှင့် နှောင့်ယှက်မှုများကို မည်သို့မည်ပုံတုံ့ပြန်ရမည်ကို သင်ကြားပေးသော သင်တန်းများ။

- ပါတီများသည် လွှတ်တော်ကိုယ်စားလှယ်နေရာများ အနိုင်ရရေးအတွက် လက်တွေ့ကျသော အခွင့်အလမ်းများ ရှိခြင်း/မရှိခြင်းနှင့် ပါတီ၏ကိုယ်ပိုင်ဘဏ္ဍာရေးအရင်းအမြစ် ရှိခြင်း/မရှိခြင်း နှစ်ခုစလုံးတို့အပေါ် ၌မူတည်၍ ထောက်ပံ့ရမည့်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ်မှုပြုသင့်သည်။ (ဘဏ္ဍာရေးအရင်းအမြစ် ကြီးကြီးမားမားမရှိသော ပါတီများကို ဦးစားပေးခြင်း)

- အဖွဲ့ဝင်များရွေးချယ်ရာတွင် ဒီမိုကရေစီနည်းလမ်းကျခြင်းနှင့် စနစ်တကျရှိခြင်းအတိုင်းအတာသည် ပါတီများကြားတွင်သာမက ပါတီတစ်ခုတည်းအတွင်းတွင်ပါ ကွဲပြားခြားနားပါသည်။ ဥပမာ- NLD သည် မြို့နယ်အလုပ်အမှုဆောင်ကော်မတီနှင့် ဗဟိုကော်မတီရွေးချယ်ရာတွင် ဒီမိုကရေစီနည်းလမ်းကျပြီး စနစ်ကျသော လုပ်ငန်းစဉ်ရှိသော်လည်း ၎င်းတို့၏ ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ခြင်းအတွက်မူ ထိုသို့မဟုတ်ပါ။ အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ရန် ပါတီများနှင့် လက်တွဲလုပ်ဆောင်မည်ဆိုပါက ပါတီတစ်ခုချင်းစီ၏လုပ်ငန်းစဉ်များကို အထူးဂရုပြုရန်လိုအပ်ကြောင်းကို ထိုအချက်က မီးမောင်းထိုးပြ ထားသည်။
    - ပါတီများတွင် ပါတီဗဟိုမှထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာသော စနစ်ကျသည့် မြို့နယ်အဆင့် လုပ်ငန်းစဉ်ရှိလျှင်၊ ယင်းညွှန်ကြားချက်များကို မြို့နယ်အများစုက တသမတ်တည်းလိုက်နာလျှင်၊ မြို့နယ်အဆင့် စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ (သို့မဟုတ်) ရည်မှန်းချက်များကို ထုတ်ပြန်ရာတွင် ပါတီဗဟိုနှင့် ပူးပေါင်းဆောင်ရွက်ရန် အလားအလာမြင့်မားပါသည်။

    - ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ ရွေးချယ်ခြင်းလုပ်ငန်းစဉ်များအား သီးခြားပါတီခေါင်းဆောင်အနည်းငယ်က လွှမ်းမိုးချုပ်ကိုင်ထားလျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများအပါအဝင် ပါတီဖွဲ့စည်းပုံများအတွင်း ကျား၊ မ တန်းတူညီမျှမှုကိုမြှင့်တင်ရန် အရေးကြီးကြောင်းကို ယင်းပါတီခေါင်းဆောင်များအား စည်းရုံးသိမ်းသွင်းရန် လိုအပ်ပါသည်။

ဤအကျဉ်းချုပ်မှတ်စုသည် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ မကြာသေးမီကထုတ်ပြန်ခဲ့သည့် "မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာနှင့်နိုင်ငံရေးပါဝင်မှု" အစီရင်ခံစာတွင်ပါရှိသည့် လေ့လာတွေ့ရှိချက်များကို အကျဉ်းချုပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ကျား၊ မရေးရာနှင့် နိုင်ငံရေးပါဝင်မှု သွင်ပြင်လက္ခဏာများကို နက်နက်ရှိုင်းရှိုင်း လေ့လာဖော်ထုတ်ထားသည့် ၂၀၂၀ ဒီဇင်ဘာလတွင်ထုတ်ဝေမည့် လေ့လာမှုစာတမ်းတစ်စောင်နှင့် ယခုလက်ရှိ ရှိနှင့်ပြီးသည့် လေ့လာမှုစာတမ်းနှစ်စောင်တို့အပေါ်တွင် အခြေခံပါသည်။ ယင်းထုတ်ဝေမှုအားလုံးကို (EMReF) ၏ ဝက်ဘ်ဆိုက် : https://emref.org/en/publications-reports တွင် ဒေါင်းလုတ်ပြုလုပ်ရယူနိုင်ပါသည်။

